အတွဲ ၄၊ အမှတ် ၅၂

# ရှေ့သွား ဂျာနယ်

၁၃၃၄ ခုနှစ် …တော်လဆုတ် ၃ ရက် (၂၃-၁၂-၇၂)

## ကျားကြီးရာဇာ နှင့် ဖိုးရွှေယုန်


ပန်းချီ-ဦးဘကြည်
ဇာတ်လမ်း-ပျဉ်းမနား မောင်နီသင်း





အလွန်ကြီးမားသော… မဟာမြိုင် တောကြီးထဲ၌ ကျားတို့၏ အရှင်သခင် ဖြစ်သော ဗျဂ္ဃရာဇာ ကျားမင်းသည် …တ်စုံညီနှင့် ညီလာခံခေါ် လျက် ရှိရာ ....

စမန်းမန္တပိုင်း ထုပ်… သည်။


...ငါ-ကိုယ်တော်မြတ်သည်- ကျွဲမပေါ်ဖြိုင်တော သာမက၊ ဟိုအနက်က- ရေကြည်ဖြိုင်တော ကိုပါ အုပ်ချုပ်မင်းလုပ်လိုတဲ့စိတ် ဆန္ဒ ပြင်းပြ တော်မူသည်- မောင်မင်းများ
လွန်စွာ လျော်ကန်သင့်မြတ်တဲ့ - ဆန္ဒတော်ကြီး ဖြစ်ကြောင်းပါ ဘုရား
..ကိုင်း ...ပညာရှင်-မှူးကြီး မတ်ကြီးများ သဘောတူ ညီကြသည်နှင့် အညီ .... သက်လက်ထမ်း ဆောင်ရန် .... အမိန့် စာလိဖြင့် အမိန့်ထုတ်ပြန်း တို့ ရှေ့တိုး ခ-စားစေ များ
ရေကြည်ဖြိုင်တောကို ပိုင်သော - ဘုရင်လေးထံ သွားရောက်၍ ကျွဲ ရာဇသံ ဆက်စေ.... မောင်မင်း များ .... ... ...
... အဲ - အဲ -ခဏ နေကြအုံး ......
ရာဇသံ
ဆဲဗျာ
ကျွတ်
ကျွတ်
ကျားကြီး ရာဇာသည် ပြောပြော ဆိုဆိုနှင့် နှုတ်ခမ်းမွေးတပင် ဆွဲနုတ်လိုက်ပြီး ....
.... အဲ ... ရာဇသံ - ကို ဖတ်စေပြီးလျှင် ငါကိုယ်တော်မြတ်၏ အင်အားကိုသူတို့ သိရလေအောင် ... ရော့ ... ကျွဲ နှုတ်ခမ်း မွေး တော်ကြီး ကို ပြလိုက် .... သည်တော့ မှ - နှုတ်ခမ်းမွေးပိုင်ရှင် ကျားဘုရင်သည် - အင်အား မည်မျှကြီး သည်ကို - ၎င်းတို့ သိ လိမ့် မည် ........
သို့ဖြင့် ကျားအမတ်နှစ်ဦးသည် ရေကြည်ဖြိုင် တောဆီသို့ ချီတက်သွားလေ၏။


ထိုအချိန်တွင် ရေကြည်မြိုင် တောမှ ပန်းခူး ထွက်လာသော ဖိုးရွှေယုန်သည် အမှတ်မထင် နယ်စပ်တောသို့ ရောက်လာ၏။
ပန်းချုံ တခုနားရောက်သောအခါ ပန်းပွင့်အဆန်းများကို မြင်ရသဖြင့် ....
မဖြူးနဲ့ ရှင့်
ပန်းကို လှမ်းခူးလိုက်ရာ—ပန်းက သူ့လက်ကို ဆွဲထားပြီး အသံထွက်လာ၏။
...ဒါပေမယ့်-မကြောက်ပါနဲ့-ဟဲ-ဟဲ- နင့်ကိုဘာမှ မလုပ်ပါဘူး.... ...ငါတို့ ဘုရင့်ရဲ့-ရာဇသံ- ပေးဖို့လာတယ်။နင်တို့ ဘုရင်-ဘယ်မှာလဲ.... မြော...
ကျုပ်တို့မှာ-ဘုရင်ရယ်လို့-မရှိပါဘူး၊ အချင်းချင်း ရဝေးတိုင်ပင်ပြီး-သင့်သင့်မြတ်မြတ် နေကြတာဘဲ
ဟုတ်-ဟုတ်ကဲ့
ဖြန်ဖြန်လဲ ပြန်လာခဲ့၊ ကြာနေလို့—ဦးသာနေမယ်ဆိုရင် နင့်ကိုပါ-စားရမယ်။


ကဲ - အားလုံး စုံလောက်ပါပြီ။ တောလုံးကျွတ် အစည်းအဝေးကြီး စတင်ပါတော့မယ်။ သဘာပတိအနေနဲ့ ပြောချင်တဲ့ ကိစ္စကတော့ .... မဟာမြိုင်တောက - ကျားဘုရင်က ကျွန်တို့တောကို [ရာဇသံ] ပို့လိုက်ပါတယ်။ ဒါကို - ဗိုးရွှေယုန်က ဖတ်ပြပါလိမ့်မယ် ခင်ဗျား ....
မဟာမြိုင်တောကြီး သခင် - ရာဇာဘုရင် ကျားကြီး မဟာက - အမိန့်တော်ပေးလိုက်သည်။ ရေကြည်မြိုင်တောထဲမှ သတ္တဝါ အကောင်ငယ်လေးများသည် - ငါ၏ထံသို့ အစာတော်အဖြစ် အားပါးများ နေ့စဉ် ဆက်သရမည်။ မဆက်ပါက - ချက်ချင်းလာ၍ တောကို သိမ်းမည်။ ...... ငါ့ကိုကြောက်ကြ။ ငါ့နှုတ်ခမ်းမွှေးတော်ကြီးကို ကြည့်ပြီး ငါ ဘယ်လောက် အင်အားကြီးမည်ကို ခန့်မှန်းကြလော့..............
တောကောင်ကြီးများ နည်းပါးသော ရေကြည်မြိုင် တောတွင်း၌ ဗိုးရွှေယုန်၏ နှိုးဆော်ချက်ကြောင့် တောလုံးကျွတ်ညီလာခံကြီး ကျင်းပနိုင်လေသည်။
---- ဒီ ရာဇသံ နဲ့ အတူ ဒီ နှုတ်ခမ်းမွှေးတော်ကြီး ကိုပါ ပို့လိုက်ပါတယ် ...
တောကောင်ငယ် များသည် နှုတ်ခမ်းမွှေးတော်ကြီးကို မြင်လျှင် တုန်လှုပ် ချောက်ချားကြကုန်၏။
မခံဘူး။ မြန် ချမှာပေါ့
အမယ်လေး သေကုန်မှာ ပေါ့။ ပြေးမှ ဖြစ်မယ်
ချမယ်
အနည်းစုဝက်ဝံများက မခံမရပ်နိုင် ဖြစ်ကြသော်လည်း အများစုကမူ ....
ကျားဆိုတာ - အားကြီးတယ်။ ဒေါသကြီးတယ်။ ရက်စက်တယ်။ မြန်တယ်။ ဒီသတ္တဝါ ယင် - ဒီနှုတ်ပါ မကျန် စားတတ် သတဲ့ ရှင်မရဲ့
ကဲတော် အဒွဲ - ပြေးကြ ပါစို့လား ရှင့်
ပြေးကြ
ကဲ - ကဲ - အရေးတော့ ပေါ်နေပြီ။ ခေါင်း အေးအေး ထားပြီး - ဗိုင်းစိုင်းစား ယင် အကြံဉာဏ်ပေါ် နိုင်ပါတယ်။ ဖြစ်ကြပါ။ တွေးကြပါ။ အမြဲ ရှာကြပါ
သဘာပတိကြီးက သတိပေး၏။


ကျုပ်နောက်ကျသွားတယ်ဗျာ ... ဘုတ်ကွေးမိနေတော့ တယ်ဗြိုး - ကျေပ်ကျေပ် ရှားရှားမလုပ် နိုင်လို့ဗျာ .... ....
ထိုအချိန်တွင် ဦးငွေဖြူဆိုသူ ဖြူအိုကြီးတကောင် ရောက်လာသဖြင့် ....
ဖိုးရွှေယုန်သည် အကြံတခုရပြီး ....
အကြံတခုတော့ရတယ်
မဆိုးဘူး
ကျန် တောကောင်ငယ်များကို သတာပတိကြီးက တီးတိုး အသိပေး၏။
ဦးလေဖြူ ... ဦးလေးကိုယ်က ဖြူဆူးတချောင်းလောက် ပေးပါလား
ရပါတယ် - ကြိုက်တာနှုတ်သွားပေါ့
နှုတ်ပြီနော် ဦးလေးဖြူ
ဖြူဆူးတချောင်း နှုတ်ယူပြီးသောအခါ ....



အရေးတော်ပုံ အောင်ပါစေ
အရေးတော်ပုံ အောင်ပါစေ
အရေးတော်ပုံ အောင်ပါစေ
အရေးတော်ပုံ အောင်ပါစေ
အရေး တော်ပုံ
အောင် ပါစေ
ထို့နောက် ဖိုးရွှေယုန်သည်ဖြူဆူးကြီးကိုထမ်းလျက် တောနယ်စပ်သို့ ထွက်သွားလေ၏။
ကျားတို့နှင့် တွေ့ဆုံခဲ့သည့် နေရာသို့ရောက်လျှင် ကျားများကို မတွေ့သဖြင့် ကျားခြေရာများကို ကုန်း၍ကြည့်ရာ ကိုင်ထားသော ဖြူဆူး ထောင်တက်သွားပြီး ....
အား
သစ်ပင်ထက်မှ အသံနှင့်အတူ တစုံတခုပြုတ်ကျ လာလေသည်။
ဘယ်သူလဲကွ - အာလျှပ်တာလဲ-ဒါ၊ ကျွတ်ကျွတ် နာလိုက်တာ
ဟင် ... ယုန်ခိုရုပ်ယုန်ပဲ -
နင်သွားတာဖြောလို့ - သစ်ကိုင်းပေါ်တက် မှိန်းနေပါတယ် ... ဘာနဲ့ ဖင်ကိုလှမ်းထိုး ရတာလဲ ...
သေမို့သာပြင်ပေတော့
ဟဲဟဲဟဲ ရပါလိမ့်မယ် ဟင်း
ပြောပြောဆိုဆိုနှင့် ကျား အမတ်မင်းများ ခုန်ဆင်းလာပြီး ဖမ်းတော့၏။



ရှူး (ကျွတ်) (ကျွတ်)
ဒီ ယုန် သေနာကောင်လေးကို [ရာဇသံ]ကိုင်ပြီး မြန်မြန်ပြေး
ကိုက် စား မှ ထင်တယ် (ကျွတ်)(ကျွတ်)
ကိုင်း - ဆိုစမ်း - နင့်တို့ ဘုရင်က ဘာတဲ့လဲ
ကျ - ကျ - ကျနော်တို့ မှာ - ဘုရင်မရှိပေမယ့် ခေါင်းဆောင်ကြီးတော့ ရှိပါတယ်။ သူက ခင်များတို့ ဘုရင့်စကားကို သိပ်စိတ်ဆိုးတယ်.
ဆိုးတော့ - ဘာဖြစ်သလဲ
ဆိုးတော့ - ခေါင်းဆောင်ကြီးက သူ့နှုတ်ခမ်းမွေးတော်ကြီးကို နှုတ်ပေးလိုက်တယ်။ ဘယ်သူ့ကိုမှ မမှုဘူးတဲ့။ ကျနော်ကိုင်ထားတာ ခေါင်းဆောင်ကြီးရဲ့ - နှုတ်ခမ်းမွေးတော်ကြီး ပါဘဲခင်များ
ဟေ... ဒါနင်တို့ ခေါင်းဆောင်ရဲ့ နှုတ်ခမ်းမွေး ဟုတ်လား
ဟုတ်ပါ့ဗျာ၊ ဒါတောင် အသေးဆုံး အငယ်ဆုံး နှုတ်ခမ်းမွေးဘဲ ရှိသေးတယ်
ဘုရား - ဘုရား လစ်မှဘဲ ထင်တယ်
ထိုအခိုက် ရေကြည်မြိုင် တောဘက်မှ ဆူးဆူး ရှရှ အသံကြီး ပေါ်ထွက်လာရာ
ရှုံ့ ဝှီး ရှုံး ရှူး
ဟဲ့ဟဲ့ - ဘာသံလဲဟဲ့
ကျုပ်တို့ ခေါင်းဆောင်ကြီး သီချင်းဆိုတဲ့ အသံပေါ့ဗျ၊ ဘယ်လောက် ကောင်းသလဲ
ဘာမယ်လေး.... မြန်မှ ..မြန်မှ ခေါင်းဆောင်ကြီးကို ပြောလိုက်တော့ ဟေ့ နင်တို့ ရေကြည်မြိုင်ကို - မလာတော့ဘူး လို့...
ကျား နဲ့ ရှင်ဘိုင် - ပြိုင်ကြရာဝယ် - တခိုးကိုရှုံး မဖြစ်ရ၊ ဘာတွေတွေ စဉ်းစေ့ လိုရယ်
ကြိုတင် စီစဉ်ထားသည့်အတိုင်း ညီညီညာညာ တမြိုင်နက် အသံတုပြုလုပ်လိုက်ကြသော တောကောင်ငယ်များသည် ကျားများထွက်ပြေးသည်ကို မြင်လျှင် ပျော်မဆုံးဖြစ်၍ နေလေသတည်း။
ပြီး

နိုင်ငံတကာ စာအုပ်နှစ်

# စာအုပ်စာပေ လူ့မိတ်ဆွေ ကာတွန်းပြိုင်ပွဲ



ပထမ မောင်မောင်ပေး



မောင်မောင်စိုး ဒုတိယ


စာအုပ်စာပေ လူ့မိတ်ဆွေ




ရွှေယင်းသူ တတိယ

၁၉၇၂ ခု၊ နိုင်ငံတကာစာအုပ်နှစ် အထိမ်းအမှတ်အတွက် အလင်္ကာကျော်စွာ ကာတွန်းပိဋကာ ဦးဘဂျမ်းအား ဂုဏ်ပြုသော-











ဝင်းရွှေ








ရန်ကုန်မြို့ (အရှေ့ ၁၃လမ်း) တန်ဆောင်တိုင်မီးထွန်းပွဲ

စာအုပ်စာပေ လှူမိတ်ဆွေ ကာတွန်းပြိုင်ပွဲမှ ဆုရကာတွန်းများ


ဒီလိုဆိုတော့လဲ
မောင်ကြည်သစ်
သရုပ်ဖော် /
ကျွန်တော်သည် ကျောင်းချိန်နီးသည်ထိ ကစားမကောင်းနေသဖြင့် မေမေကရိုက်ပါသည်။ သူငယ်ချင်းများရှေ့တွင် အရိုက်ခံရသဖြင့် ကျွန်တော် ရှက်မိပါသည်။
နောက်၊ ကျောင်းချိန်နီးလို့ ကစားမကောင်းနေနဲ့ယင်၊ ဒီလိုဘဲ အရိုက်ခံရ မယ်မှတ်
ကျောင်းရောက်ပြန်တော့လည်း ကျောင်းချိန်နောက်ကျသဖြင့် ဆရာမက ဒဏ်ပေးပြန်ပါသည်။
အိမ်ကတော့ ကျောင်းကို အချိန်မှီ လွှတ်မှာပေါ့၊ မင်းလမ်းမှာဝင်ဆော့နေလို့သာ နောက်ကျတာ ဖြစ်မှာဘဲ၊ ခုံပေါ်တက် မတ်တတ်ရပ်နေ
ဟား ဟား ဟား
အပြစ်ဒဏ်မှ လွတ်သော်လည်း ကျွန်တော်သည် တမနက်လုံး မကျေမနပ် ဖြစ်နေပါသည်။
တကယ်တော့၊ မေမေနဲ့ ဆရာမဟာ - ဘာမဟုတ်တဲ့ အပြစ်ကလေးကို ရေးကြီးခွင်ကျယ် လုပ်ကြတယ်၊ ငါ့ကို မုန်းနေကြပြီထင်တယ်
တွေးလေတွေးလေ ကျွန်တော့စိတ်ထဲတွင် မခံမရပ်နိုင် ဖြစ်လာပါသည်။ ထို့ကြောင့် နေ့လယ် မုန့်စားဆင်းချိန် ကျောင်းမှ တိတ်တိတ်ထွက်ခဲ့ပါသည်။
မေမေလဲ ငါ့ကို မချစ်ဘူး၊ ဆရာမလဲ ငါ့ကို မချစ်ဘူး၊ ဒီတော့ စာသင်နေလို့လဲ အပိုဘဲ၊ တခြားကိုထွက် သွားမယ်
ကျွန်တော်သည် ကျောင်းနှင့် မနီးမဝေး ရေကန်ကြီးအားရှိ သစ်ပင်ကြီး တပင်အောက်သို့ ရောက်လာပါသည်။
ခုနေ၊ ငါ့ကိုသာ ဆရာမ-တွေ့ယင် ထုံးစံအတိုင်း ရိုက်အုံးမှာဘဲ၊ မေမေ့အဖို့လဲ ငါ့ကို ရိုက်ဖို့ အပြစ်တခု ရသွားတာပေါ့









ကျွန်တော် ကျောင်းမှ ထွက်ပြေး သည်ကို ဆရာမ သိသွားပြီး သူတို့ကို ကျွန်တော့် အိမ်သို့ သွားရှာ ခိုင်းဟန် တူပါသည်။


သူတို့သည် ကျွန်တော့်နာမည်ကို တကြော်ကြော် ခေါ်နေကြပါသည်။ ကျွန်တော့်တွင် အကြံတခု ပေါက်လာ၍ ပြန်မထူးပါ။
ဒီကောင် ဆိတ်ဆိတ်ညိမ်ပြီး ရေထဲဆင်းနစ်ခဲ့ပြီ ထင်တယ်
ဟော
သူတို့သည် ကျောင်းဖက်သို့ ပြန်ပြေးသွားကြပါသည်။ မကြာမီ ဆရာမ၊ ဆရာကြီးနှင့် ကျောင်းသား အချို့ ရောက်လာကြသည်။
ဟောဟောရေ၊ ဆရာကြီး ရှာပါဦး၊ ကျွန်မတပည့်လေး ရေနစ်ပြီထင်တယ်
မကြာမီ မေမေလဲ ရောက်လာပါသည်။ အိမ်သို့ အကြောင်း ကြားလိုက်ဟန် တူပါသည်။
သားလေးရေ သား - သား အဖြစ်ဆိုးလှ ချည်လားကွယ်
ဟိုက်! ဗုဒ္ဓေါ ငါ့ကို အားလုံးက ရေနစ်သေပြီထင်ပြီး စိတ်ပူနေကြပါလား ဒီလိုဆိုတော့လဲ ငါ့ကို ချစ်ကြသားဘဲ
မနေသာတော့သဖြင့် ကျွန်တော်အောက်သို့ ဆင်းလာခဲ့ပါသည်။
မေမေ၊ ဆရာမ၊ ကျွန်တော် ရေမနစ်ပါဘူး၊ စိတ်မပူကြပါနဲ့
တော်ပါသေးရဲ့
ဟင်၊ ဘာလို့ ပုန်းနေရတာလဲ- သားရယ်
!
မေမေရော၊ ဆရာမပါ၊ ကျွန်တော့်ကို မုန်းနေကြတယ်ထင်ပြီး၊ ကျွန်တော် ရေနစ်သေတယ် ဆိုရင်၊ ဝမ်းသာကြမလားလို့ ခုတော့ ကျွန်တော့်အတွက် အားလုံးစိတ်ပူနေတာတွေဟာ အထင်လွဲမိတာတွေ ဝန်ခံပါရစေ
သာဓုကွယ် သာဓု-သာဓု
ပြီး

Read more Shwe Thway Journals at




➜ Click below link ➜

https://www.facebook.com/shwethwayjournal/